AMI Life
အသက်အာမခံ



# Group Life Insurance

စုပေါင်း
အသက်အာမခံ



- **ဘာဖြစ်လို့ မတော်တဆထိခိုက်မှုအာမခံ အကာအကွယ် ထားရှိဖို့ လိုအပ်တာလဲ ?**

လူမှုဘဝနေ့စဉ် လှုပ်ရှားမှုများနှင့် လုပ်ငန်းခွင် ဆောင်ရွက်ချိန်များတွင် မျှော်လင့်မထားသော မတော်တဆ ထိခိုက်မှုများတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတဲ့အခါ မလိုလားအပ်သော၊ ကြိုတင်ပြင်ဆင်ထားခြင်း မရှိသော အပိုကုန်ကျစရိတ်များ ဖြစ်ပေါ်လာတတ်ပါတယ်။

- **ဘာဖြစ်လို့ AMI Life ရဲ့ စုပေါင်းအသက်အာမခံကို ဝယ်ယူသင့်တာလဲ ?**

### ကုန်ကျစရိတ်များသက်သာခြင်း

AMI LIfe ရဲ့စုပေါင်းအသက်အာမခံက လုပ်ငန်းခွင်တွင်ဖြစ်စေ၊ မိမိတို့ ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ မမျှော်လင့်ထားပဲဖြစ်ပေါ်လာသော မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ ပြင်းထန်ဒဏ်ရာရရှိမှု များနှင့် အသက်သေဆုံးမှုများမှဖြစ်ပေါ်လာသော ကုန်ကျစရိတ်များအား အကာအကွယ်ပေးနိုင်ပါတယ်။

### အကျိုးခံစားခွင့်များ

(၁) မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိမှုများ

(၂) သေဆုံးမှုအကျိုးခံစားခွင့်

(၃) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်

### စုပေါင်းအသက်အာမခံဝယ်ယူရရှိနိုင်သူများ

- အာမခံထားနိုင်သူများ

စုပေါင်းအသက်အာမခံကို အသက် (၁၈) နှစ်မှ (၆၅) နှစ်အထိရှိသူ မည်သူမဆို အာမခံအကာအကွယ် ရယူနိုင်ပါသည်။

- အာမခံသက်တမ်း

စုပေါင်းအသက်အာမခံ၏ သက်တမ်းမှာ စတင်ဝယ်ယူသည့်နေ့မှ (၁) နှစ်အထိ ဖြစ်ပါသည်။

- အာမခံထားနိုင်သည့်ဦးရေ

စုပေါင်းအသက်အာမခံကို အနည်းဆုံး (၅) ဦးမှ စတင်ဝယ်ယူရရှိ နိုင်ပါသည်။



### စုပေါင်းအသက်အာမခံရယူမှုပုံစံ

- အကာအကွယ်များ

စုပေါင်းအသက်အာမခံ မတော်တဆဖြစ်ရပ်များ ကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်ဒဏ်ရာများ၊ ပြင်းထန်ဒဏ်ရာများ၊ သေဆုံးမှုများအစရှိသဖြင့် ဖြစ်ပေါ်လာသော ကုန်ကျစရိတ်များအား အကာအကွယ်ပေးနိုင်ပါသည်။

- ရွေးချယ်နိုင်သည့် အာမခံထားငွေ

စုပေါင်းအသက်အာမခံအား တစ်ဦးလျှင်အနည်းဆုံး အာမခံထားငွေ ကျပ် (၁၀,၀၀၀) မှ ကျပ်သိန်း (၅၀၀) အထိရွေးချယ်ဝယ်ယူနိုင်ပါသည်။

### အကာအကွယ် ရယူပုံ

မိမိတို့၏ခန့်မှန်းကုန်ကျစရိတ်များအလိုက် အကာအကွယ်ရယူနိုင်သည်။

**ဥပမာ (၁)** ဦးကိုကြီးသည် ၎င်း၏ ဝန်ထမ်းများ နေ့စဉ်လုပ်ငန်းများ၊ သွားလာ ကူးသန်းဆက်သွယ် နေရသည့်အချိန်တွင် မမျှော်လင့်သော မတော်တဆ မှုများဖြစ်ပေါ် မှုများအတွက် ကုန်ကျစရိတ်များအား ထောက်ပံ့ကြေးပေးနိုင်ရန်ဆန္ဒရှိသည်။ ထို့ကြောင့်၎င်းသည် AMI Life ၏ စုပေါင်းအသက် အာမခံရယူပြီး ဝန်ထမ်းတစ်ဦးချင်းစီအတွက်၊ တစ်ဦး လျှင်ကျပ်သိန်း (၅၀) အာမခံ ရယူထားပြီး အကာအကွယ်ထောက်ပံ့ပေးထားသည်။ မမျှော်လင့်သော မတော်တဆမှုများကြုံတွေ့သည့်အခါ အာမခံမှ အကာအကွယ်ရယူနိုင်သဖြင့်၎င်းဝန်ထမ်းများ အတွက် ကုန်ကျစရိတ်များအထူးသက်သာနိုင်သည်။

**ဥပမာ (၂)** ဒေါ်သန်းနွဲ့တို့မိသားစုသည် မိသားစုလုပ်ငန်းလုပ်ကိုင်သည်။ ၎င်းတို့နေ့စဉ်လုပ်ကိုင်နေရသောလုပ်ငန်းခွင်အတွင်း၊ မမျှော်လင့် သော မတော်တဆမှုများကြောင့် ဆက်လက်ကုန်ကျနိုင်မည့် ကုန်ကျ စရိတ်များအား သက်သာနိုင်ရန်ကြိုတင်ပြင်ဆင်ထားရန် ဆန္ဒရှိသည်၊ ထို့ကြောင့် ၎င်းသည် AMI Life ၏ စုပေါင်းအသက်အာမခံမိသားစု တစ်ခုလုံးအတွက် ရယူပြီး၊ တစ်ဦးလျှင်ကျပ် (၁၀) သိန်း အာမခံ ရယူထားပြီး အကာအကွယ်ရယူထားနိုင်သည်။

### ပရီမီယံတွက်ချက်ပုံ

ပရီမီယံတွက်ချက်မှုအား ၎င်းတို့ စုပေါင်းရယူလိုသော အာမခံထားငွေ ပမာဏ၏ (၁) ရာခိုင်နှုန်းဖြစ်ပါသည်။

### ပရီမီယံပေးသွင်းမှုအစီအစဉ်

နှစ်စဉ်ပေးသွင်းသည့်အစီအစဉ်ဖြစ်ပါသည်။

ဥပမာ (၁)

**တစ်ဦးချင်းအာမခံထားငွေ - ၁၀ သိန်း**

**တစ်ဦးချင်းအာမခံ ပရီမီယံ - ၁,၀၀၀,၀၀၀ x ၁ (%) = ကျပ် ၁၀,၀၀၀**

### စုပေါင်းအသက်အာမခံ၏ အကျိုးကျေးဇူးများ

- (၁) မိသားစုဘဝ၊ လုပ်ငန်းခွင်တွင် စိတ်အေးချမ်းသာမှုရရှိနိုင်ခြင်း၊
  မိမိတို့၏ မိသားစုဝင်များ အတွက် သော်လည်းကောင်း၊ လုပ်ငန်းခွင်တွင် လည်းကောင်း မတော်တဆမှုများကြောင့် ဖြစ်ပေါ်လာသည့် ငွေကြေးကုန်ကျမှုများအား အကာအကွယ် ပေးနိုင်ခြင်း၊
- (၂) ကုသမှုကုန်ကျစရိတ်များအား အာမခံကုမ္ပဏီမှ အတိုင်းအတာတစ်ခု အထိ ကျခံပေးခြင်း၊
  ကုသမှုကုန်ကျစရိတ်များနှင့် လျော်ကြေးရရှိမှု ကိစ္စများအား အာမခံကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးခြင်း၊
- (၃) လုပ်ငန်းတိုးတက်ရေးကို ရှေးရှုနိုင်ပြီး၊ မိမိတို့ဝန်ထမ်းအား အလေးထားသော လုပ်ငန်း အဖြစ်ရပ်တည်နိုင်ခြင်း၊
  မိသားစုဝင်များကိုလည်းကောင်း၊ မိမိတို့၏ ဝန်ထမ်းများကို လည်းကောင်း မတော်တဆဖြစ်မှု အာမခံ အကာအကွယ်ထားရှိခြင်းဖြင့် မိမိတို့၏ အလေးထားမှုအား ပြသနိုင်ခြင်း

### အာမခံ လျော်ကြေးတောင်းခံခြင်း

အထောက်အထားစာရွက်စာတမ်းများနှင့်အတူ AMI Life တွင် လာရောက် တင်ပြလျှောက်ထားနိုင်ပါသည်။

Mobile Phone - +959 940 077 773 (Ext: 3)
Email - claims@amilifeassurance.com

AMI Life
အသက်အာမခံ



Partner for Life

လက်တွဲတစ်သက်တာ ရောမြန်မာ

**AYA Myanmar Life Assurance Co., Ltd.**

Room (306), 3rd Floor, Novotel Yangon Max,
Pyay Road, Kamayut Township, Yangon, Myanmar

099 400 77 773
info@amilifeassurance.com
amilifeassurance.com